
ဆေးရောင်ခြယ်နှလုံးသား

# အပိုင်း (၁)

နာမည် ကျော်ကြားလှသည့် မြို့ပြင်သင်္ချိုင်း နယ်မြေကိုမှ လိုချင်တပ်မက်နေသည့် ရှင်းသိုက်စျာန်။ စီးပွားရေး အကွက်ကို အကွက်ချ တွက်ချက်ကာ စက်မှုနယ်မြေအဖြစ် ဆောက်လုပ်ရန် သင်္ချိုင်းမြေအား မျက်စိကျနေသည့် ရှင်းသိုက်စျာန်။

"အစီစဉ်ကို ဒီလမကုန်ခင် အားလုံး အစီရင်ခံစာ တင်ပေးတာပဲ လိုချင်တယ်"

"ဟုတ်ကဲ့ပါ သူဌေးလေး၊ ကျွန်တော် တစ်ခုလောက် ပြောလို့ ရမလား သူဌေးလေး"

ထွက်ခွာရန် ဟန်ပြင်နေသော သူဌေးလေး ရှင်းသိုက်စျာန်ကို လှမ်းတားလိုက်သည့် လက်ထောက် မာန်နေဂျာ ကိုထွဋ်။

"ရပါတယ် ပြော"

"ဒီနယ်မြေကိုမှ ဘာလို့ လိုချင်တာလဲ ဒါကသင်္ချိုင်းနယ်မြေ ဆိုတာ သူဌေးလေး သိပြီးသား ပဲကို"

"အင်း ဒီလကုန်ထိတော့ ဒီနေရာက သင်္ချိုင်းနယ်မြေပဲ နောက်လကစတာနဲ့ ဒီမြေက World ကုမ္ပဏီ လီမိတက်ရဲ့ စက်မှုနယ်မြေ ဖြစ်သွားလိမ့်မယ် ကဲ...... ကျွန်တော်ပြန်မယ် ခွင့်ပြုပါဦး"

"ဟုတ်"

နှုတ်ဆက် ထွက်ခွာ သွားသည့် ထိ သူဌေးလေးကို နားမလည်နိုင်စွာ ကြည့်၍ ကျန်ရစ်ခဲ့သော ကိုထွဋ်။

ညနေဆောင်း အချိန်မို့......

"ကဲ မြေရှင်းလေးရေး အဖွဲ့ လူစစ်ပြီး အလုပ်သိမ်းမယ်"

ကိုထွဋ်၏ အလုပ်သိမ်းရန် သတိပေးသံကြောင့်......

"ဟုတ် ...... သိမ်းမယ်ဟေ့ သိမ်းမယ်"

အလုပ်သမား အဖွဲ့အားလုံး လုပ်လက်စအလုပ်များ ရပ်နားကာ လူစု၍ အိမ်ပြန်ကားပေါ် လူစုံတက်စုံ တက်လာခဲ့ တော့သည်။ လူစုံသည်နှင့် ထိုနယ်မြေအား ကျောခိုင်းကာ ထွက်ခွာ သွားကျတော့ သင်္ချိုင်းမြေလေးမှာ သူ့အလေ့ အတိုင်း တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့ရသည်။

* * *

"ကျစ် ... နင် ဆက်ပြီး အရစ်ရှည်နေဦးမယ်ဆို တွေ့ရာသစ်ပင် ငါဝင်တိုက်ရလိမ့်မယ် ငါအခု ကားမောင်းနေတာလို့ ပြောနေတယ်လေ"

" ...... ......"

" အ ငါပြန်ရောက်မှ အေးဆေးတွေ့မယ် ...... ငါ့ဘက်က ရင့်သီးနေတာ မဟုတ်ဘူး ရင့်သီးအောင် မောင့်ဘက်က လုပ်နေတာ"

" ...... ......"

ပိုး ပြောလက်စဖုန်းကို တစ်ဖက်ခုံပေါ် ပစ်တင်လိုက်ကာ အမှောင်ကို ခွင်း၍ အဝေးပြေး လမ်းမပေါ် ကားလေး မောင်းလာလိုက်သည်။

အလင်းရောင်ဟူ၍ မရှိ။ ယနေ့မှ လမ်း၌ ကားက ပျက်နေသည် မို့ မြို့အဝင် နောက်ကျနေသည် ။ မိုးချုပ်နေပြီမို့ စိတ်ပျက်တာ တစ်မျိုး။ ချစ်သူ၏ မပြီးနိုင်မစီးနိုင် ရစ်ခံနေရသည် က တစ်မျိုးကြောင့် ပိုး အာရုံများ ထွေပြားလာသည် ။

"Xello ya ... Xello ya "

"တောက် ... "

မောင်က ပိုးကို အမြဲ တခြားသော ယောကျ်ားလေးများ နှင့် စွပ်စွဲလေ့ရှိသည် ကို ပိုး သဘောမကျ။ ခုလည်း ပုံမှန်အချိန်အတိုင်း ပြန်ရောက်မလာသဖြင့် ဖုန်းနှင့် ပြဿနာအမျိုးမျိုး ရှာနေတော့သည် ။

ကားစတီယာတိုင်ကို ထိန်းရင်း တစ်ဖက်ခုံပေါ်မှ ဖုန်းကိုလှမ်းယူနေစဉ်.........

"ကျွီ ......"

စတီယာတိုင်အား ယောင်ယမ်းကာ လှည့်မိသွားသဖြင့် ပိုးမောင်းနှင်လာသော ကားလေးမှာ မြို့ပြင် သင်္ချိုင်း နယ်မြေထဲ တိုးဝင်မောင်းချကာ ကြီးမားသည့် သစ်ပင်ကြီးကို ဝင်တိုက်ချသွား လေတော့သည် ။

"အမေ့ ... အား ... "

"ဒုန်း ... "

ကျယ်လောင်လှသည့် အသံကြီးနှင့်အတူ ပိုး၏ ကားမှာ ရစရာမရှိအောင် စုတ်ပြတ်လို့ သွားလေတော့သည် ။ ဒါတင်မက ကားအတွင်းထဲရှိ ပိုးသည် လည်း ပေါက်ပြဲဒဏ်ရာ ကျိုးပဲ့ ဒဏ်ရာများ နှင့် သတိလစ်မေ့မြောသွားလေတော့သည် ။

မှောက်ခုံဖြစ်နေသော ကားအတွင်းပိုင်းရှိ ဒဏ်ရာများ နှင့် ပိုးသည်လည်း မြေနှင့် ခေါင်းရိုက်မိကာ ဇောက်ထိုး အနေအထားဖြစ်နေလေသည် ။

ထိုအက်ဆီးဒင့်နေရာ၌ ပိုးနှင့် ပျက်စီးနေသော ကားအပြင် တခြားသူတစ်ဦး ရှိနေသေးသည် ဆိုလျှင် အံ့ဩစရာ ကောင်းနေလိမ့်မည်။ ထိုသူကိုတော့ မည်သူမှ မတွေ့မြင်နိုင်ပေ။ ထိုသင်္ချိုင်းမြေ၌ နှစ်ပေါင်းများစွာ ရှင်သန် နေထိုင်ခဲ့သော သင်္ချိုင်းမြေပိုင် ဝိညာဉ်ဟု ဆိုလျှင် ပိုမှန်လိမ့်မည်။

"ငါတို့ က ဘယ်သူ့ကိုမှ ဒုက္ခမပေးပဲ နေထိုင်ခဲ့တဲ့ သူတွေပဲ ငါတို့ မှာ ပြေးစရာ မြေမရှိဘူး မင်းတို့ ကိုလည်း ဒုက္ခမပေးဖူးဘူး ...... မင်းခုလို ဖြစ်ရတာ အဓိက တရားခံက စာနာစိတ် မရှိတဲ့ မင်းတို့ လူသားတွေကြောင့်ပဲ မင်းသိလား"

ငြိမ်သက်စွာ လဲကျနေသည့် ပိုးအား မျက်ထောင့်နီကြီးနှင့် စူးရဲစွာကြည့်ကာ......

"ဟား ဟား ဟား ဟား ..."

လိပ်ပြာလွင့်နေသည့် ပိုး၏ ခန္ဓာအားကြည့်၍ ဟားတိုက်ရယ်မောပိုးအနားဝပ်တွား၍ ......

"မင်းခန္ဓာကိုယ်ကြီးကို နှုတ်ဆက်လိုက်တော့"

ပိုးအနားရှိ ပိုး၏ ဝိညာဉ်ကို တွန်းထုတ်ကာ ထို ဝိညာဉ်သည် ပိုးခန္ဓာကိုယ်ထဲ ဝင်ရောက် သွားလေတော့သည် ။ ပိုး၏ ဝိညာဉ်ကိုတော့ တခြားသော ဝိညာဉ်များက ဝိုင်းဆွဲကာ ထိန်းချုပ် ထားလိုက် ကြတော့သည် ။

"ဒီမြေကို ဘယ်သူမှ မလာစေရဘူး၊ ဒီအတွက် ဒီသနားစရာ ဝိညာဉ်လေးကို မင်းတို့ ထိန်းသိမ်းထား"

" ...... ......"

ဝိညာဉ်တို့ ၏ အုပ်ထိန်းသူဟု ဆိုရသော သူမ၏ အမိန့်ကို အားလုံး နာခံကာ အရိုအသေ ပေးလိုက်ကျသဖြင့် မေနဒီ နှစ်ခြိုက်စွာ ပြုံးကာ အားလုံးကို ကျောခိုင်း၍ ထိုနယ်မြေအတွင်းမှ ထွက်ခွာ လာလိုက်တော့သည် ။

"ဝိုး ဒီမိန်းကလေး ခန္ဓာကိုယ်က ပေါ့ပါးလိုက်တာ"

ပိုး၏ ခန္ဓာကိုယ်လေးကို သဘောအကျကြီး ကျနေသော ဝိညာဉ်တို့ ၏ အုပ်ထိန်းသူ မေနဒီ။

အဝေးပြေး လမ်းမကြီးတစ်လျှောက် အမှောင်ကိုမမှုပဲ လျှောက်ကာ လာလိုက်သည် ။ အမှောင် ဆိုတာ ကျွန်မတို့ ရဲ့ သခင်ကြီးပဲ မဟုတ်လား ။ ကျွန်မ သိပ်ကြိုက်တဲ့ အလင်းမဲ့ညကြီးပေါ့။

"ငါဒီလိုမနေရတာ နှစ်ပေါင်း ဘယ်လောက်တောင် ကြာသွားပြီလဲ ......"

လမ်းမကြီးပေါ် ပြေးရင်းလွှားရင်း ပျော်ပါးနေသော ဝိညာဉ်မလေး မေနဒီ။ နာကျင်ခြင်း မရှိ ခံစားချက် မရှိသောသူမ။ လျှင်မြန်သော ခြေလှမ်းများကြောင့် မြို့ထဲသို့ပင် ဝင်ရောက်လို့ လာခဲ့ပြီဖြစ်သည် ။

"ပထမဆုံး အဲဒီ လောဘသားကောင်ကို ရှာပြီး သတ်ပစ်ရမယ်" ဟု ဆိုကာ မြို့ပေါ် လမ်းမကြီးထက် လျှောက်လာလိုက်တော့သည် ။

"တီ . တီး . တီ"

"ဟာ တောက် ... သေချင်လို့ လမ်းလယ်ကောင် တက်လျှောက်နေတာလား ..." ဟု ဆိုကာ ဆိုးဆိုးရွားရွား ဆဲဆို၍ ကားကိုမောင်းထွက်သွားသော ထိုလူသားကိုကြည့်၍ ......

" အင်း ...... ဒီလူတော့ ငါ့လက်နဲ့ သေတော့မယ် ဟူး"

လျစ်လျူရှုကာ လမ်းမပေါ်တက်၍ သာ လျှောက်နေဆဲဖြစ်သည် ။ လွန်ခဲ့သော နှစ်ပေါင်း ၁၂၀ခန့်က ထိုထိုအရာများ မြင်ဖူးဖို့ ဆိုဝေးစွ။ ခုများတော့ မြင်မြင်သမျှ ထူးဆန်းနေသည် မို့ အဆောက်အဦကြီးများ နှင့် အထပ်မြင့်တိုက်များကို ဇက်ကျိုးကျမတတ် မော့ကြည့်ကာ တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်လာနေတော့သည် ။

ဘယ်လောက်ထိ လျှောက်သွားနေမိသည် မသိ မေနဒီ သဘောမကျသည့် အလင်းရောင်ကြီး ကျရောက်လို့ လာနေပြီ။ ခဏအတွင်း လမ်းကျဉ်းလမ်းကျယ် နေရာလပ်မကျန် လူများ ရှုပ်ထွေး လာသောကြောင့် ...

"ဒါ ဘယ်လိုနေရာကြီးလဲ နေရာတွေက ကျဉ်းလိုက်တာ စိတ်ပျက်စရာကြီး" ဟု ညည်းညူကာ လူများ နှင့် ဝေးရာ ထွက်ပြေးနေမိသည် ။

ပြေးလွှားနေသော မေနဒီ ဝင်ပူးထားသည့် ပိုး၏ ခန္ဓာအား ထူးဆန်းစွာ ကြည့်သူကကြည့်။ နှုတ်ခမ်းမဲ့ကာ အထင်သေးစွာ ကြည့်သူကြည့် နှင့် သနားသူက အဆစ်ပါနေသေးသည် ။

သူမ၏ ပုံစံကလည်း မထူးဆန်းပဲနေရိုးလား။ ဘောင်းဘီတစ်ဖက်က ရှည်နေပြီး တစ်ဖက်မှာ စုတ်ပြဲကာ ခြေဗလာနှင့် လက်ကသွေးများက စွန်းနေသေးသည် ။ ဒါတင်မက နဖူးကသွေးများ နှင့် ပေါက်ပြဲနေသေးသည် ။ ဆံပင်မှာ လည်း ဖရိုဖရဲ ပုံပျက်ပန်းပျက်နှင့် စုတ်ပြဲနေသည့် အင်္ကျီကလည်း ဟိုလွတ်ဒီလွတ်။

" ဟော့ ဟော့ ...... ဘာလုပ်တာလဲ"

နီရဲစိုနေသည့် ပန်းသီးအား တယုတယ ကိုင်ကာကြည့်နေသော သူမကြောင့် ဆိုင်ရှင်က အော်လွတ် လိုက်သည် ။

"အာ အသံကြီးကလည်း ဆိုးရွားလိုက်တာ "

စိတ်ထဲကျိန်ဆဲပြီး မည်သူတစ်ဦး တစ်ယောက်ကိုမှ ဂရုမစိုက်စွာ လှည့်ထွက် လာလိုက်သည် ။

"ဘယ်က ရောက်လာတဲ့ လူလဲ မသိဘူး၊ တစ်ကိုယ်လုံးလည်း သွေးတွေနဲ့ "

" အေးနော် ...... ငါတို့ ရဲတိုင်သင့်လား"

"ဟာ ဇယားရှုပ်ခံပြီး လုပ်မနေနိုင်ဘူး နေ့ဖို့ ညစာရှာရတာက တစ်မျိုး နေပါစေ"

ဒါကိုတာဝန်မဲ့သည် ဟု အထူးတလည် ဆိုမနေချင်တော့ပေ။ ယနေ့ လူအများ စုက ကိုယ့်အတွက် အမြတ်မပါလျှင် ဘယ်အရာကိုမျှ အချိန်ကုန်ခံ အားထုတ် ကူညီမနေချင်တော့ပေ။ အကျင့်ပျက်လာသည် လို့ မဆိုသာ တစ်နေ့တာ ရုန်းကန်လှုပ်ရှားရသည် မှာ မလွယ်ကူသူတွေမို့ ထွေထွေထူးထူး မကူညီနိုင်ကြသောကြောင့်သာ ဖြစ်သည် ။

မေနဒီကတော့ ဘာကိုမှ မသိ အရောင်တောက်ပသည့် အရာများ မြင်တိုင်း ငေးမောလို့ မဆုံး ဖြစ်နေတော့သည် ။ မြင်မြင်သမျှ လှပနေတော့ သူမ ထိုခန္ဓာကိုယ်အား တပ်မက်လာမိသည် ။

"အဲ ...... ဟိုလူ"

ဟု ဆိုကာ ကားထဲဝင်ရန် ပြင်နေသော ရှင်းသိုက်စျာန်အား ကြည့်၍

......

"ဟိုလူ ...... ရပ် ...... ဟိုလူ"

အပြေးအလွှား သွားကာ တားမည်အပြု......

"တီ ... တီ ... တီ ... "

"ဟာ ဒီအရူးမ သေချင်နေပြီလား"

ရှုပ်ထွေးနေသည့် ကားလမ်းကြောင့် ထိုလူသားက ပျောက်ကွယ်လု နေပြီ။ မေနဒီ ဒေါသ ထွက်ကာ...

" ဘုန်း"

ရှေ့ရောက်လာသည့် ကားကိုတားကာ လက်နှင့်ဖိချ၍ ရပ်စေလိုက် သည် ။

သူမ၏ လုပ်ရပ်ကြောင့် ကားသမားမှာ ထိတ်လန့်ကာ ကားကို ရပ် ထားလိုက်ရသည် ။ ထိုကား ရပ်သွားသည် နှင့် စတင် ထွက်ခွာနေသော မေနဒီ၏ ပစ်မှတ်ကားနောက် အပြေး လိုက်လေ တော့သည် ။

မေနဒီ၏ လက်ချက်နှင့် တစ်ဖက်မှ ကားရှေ့ဖုံးမှာ ပိန်ဝင်ချိုင့်ခွက် သွားသည် မို့ ထူးဆန်းစွာ ကြည့်၍ ထိုလူသားမှာ သတိလစ် လဲကျသွား လေတော့သည် ။

မေနဒီကတော့ နောက်ကွယ်၌ ဘာဖြစ်နေကြသည် ကို မသိပါပဲ ဦး တည်ချက်ကားနောက် လျင်မြန်စွာ လိုက်နေတော့သည် ။

"သူဌေးလေး ...... ကျွန်တော်တို့ ကားနောက်ကို မိန်းကလေး တစ် ယောက် အမှီ လိုက်လာနေတယ်"

ရှင်းသိုက်စျာန် Laptop ကို ပိတ်ကာ......

"ဘယ်မိန်းကလေးက အရှူးထပြီး ကားနောက် အမီလိုက်ပ့ါမလဲ ဘယ်လူကရော မီပ့ါမလဲ ...... ဟား ဇာတ်ကားတွေကြည့်တာ များ သွားပြီထင်တယ်"ဟု ခပ်လှောင်လှောင်လေး ဆိုကာ Laptop လေး ပြန်ဖွင့်လိုက်စဉ်......

"ဒုန်း ဒုန်း ဒုန်း"

"ဟင် ..."

ကားအပြင်ဘက်မှ အပြေးလိုက်ပါလာကာ ကားမှန်ကိုထု၍ မှန်ချပေးရန် တောင်းဆိုနေဟန် ပြနေသော မိန်းကလေးကြောင့် ရှင်းသိုက်စျာန့် လန့်ဖြန့်ကာ ကြက်သီးမွေးညင်းများ ပါထလာသည်။

"ကားရပ် ကားရပ် ...... အရူးတစ်ယောက် သေလို့ ဘဝဖျက်ခံ နေရဦးမယ်"

ရှင်းသိုက်စျာန်၏ အမိန့်ကြောင့် ဒရိုင်ဘာမှာ ကားကို အချက်ပြမီးဖွင့်၍ တစ်နေရာ၌ ရပ်ချလိုက်ရသည်။

"ကျွီ ..."

ထိုမိန်းကလေး ဘယ်လောက်အရှိန်ပါပါ ပြေးလာသည် မသိ ကားရပ်လိုက်သည် နှင့် ဟန်ချက် ပျက်ကာ မြေ၌ ထိုး၍ လဲကျ သွားလေတော့သည်။

ဒရိုင်ဘာမှာ ရှေ့မှ ဦးစွာ ဆင်းသွား၍ ......

" ဟေး ...... မင်း ဘာကိုလိုချင်တာလဲ"

ဒရိုင်ဘာ၏ မေးခွန်းကြောင့် မေနဒီက ထိုသူအား မျက်စောင်းခဲ၍ ကြည့်ကာ ကားပေါ်မှ ဆင်းမလာသော ရှင်းသိုက်စျာန်ကို လက်ညှိုး ထိုး

ပြလိုက်တော့......

" ဘာ ... မင်းရှူးနေလား ...... သြော် Sorry ရှူးနေတဲ့ လူကို ရှူးနေလားလို့ မေးနေမိပြီ ...... မင်းက အရှူးပါးပဲ ပြော ...... မင်းဘာလို့ လိုက်လာတာလဲ ဘာကိုလိုချင်တာလဲ"

မေနဒီမှာ ရှင်းသိုက်စျာန်အား လက်ညှိုးထိုးမပျက် ညွှန်ပြနေသဖြင့် ဒရိုင်ဘာမှာ ချွေးများ ပင် ပြန်လို့ လာချေပြီ။

သူမ၏ လက်ကို ရိုက်ကာ ကားထဲပြန်ဝင်လာသော ဒရိုင်ဘာကို ရှင်းသိုက်စျာန် ကြည့်၍ ......

"ဘာတဲ့ လဲ"

"အရှူးပါးပါ ...... ဒါမှ မဟုတ် သူဌေးအနားကိုကပ်ဖို့ ရောက်လာတဲ့ အရှူးအတုလား မသိဘူး"

"စကားကို ကြည့်ပြော"

ရှင်းသိုက်စျာန်၏ လေသံကြောင့်......

"ဟုတ်"

အမိန့်နာခံကာ ကားကိုမောင်းရန် စက်နှိုးလိုက်သည် နှင့်...

" ဘုန်း"

" ဟာ"

ကားရှေ့ပိတ်ရပ်ကာ လက်နှစ်ဖက်နှင့် ထောက်၍ ကားကို တားထားသဖြင့်......

"သူဌေးလေး ပြဿနာ တက်မယ်ထင်တယ်"

"ကျစ် ... ဘာလိုချင်တာလဲကွာ၊ သေချာမေးပြီး ပေးလိုက် မနက်စောစော အာရုံ နှောက်တယ် ဒါလေးကို မင်းမလုပ်နိုင်ဘူးလား"

"ဟုတ် ဟုတ် ကျွန်တော် လုပ်နိုင်ပါတယ်"

ဒရိုင်ဘာ ကားပေါ်မှ ဆင်းကာ ထိုသူမအနားသွား၍ တီးတိုးစကားဆိုတော့......

" ...... ......"

ထိုမိန်းကလေးမှာ ဒရိုင်ဘာကို ဂရုမစိုက်ပဲ ကားထဲမှ ရှင်းသိုက်စျာန်ကို လက်ညှိုးလေး ယပ်ကာ ထွက်လာရန် ခေါ်နေသဖြင့် ရှင်းသိုက်စျာန်ဒေါသ အလိပ်လိုက် ထွက်လာတော့သည် ။

"ဟာကွာ ...... ဒါလေးတောင် မရှင်းနိုင်ရအောင်ထိ အသုံး မကျတော့ဘူးလား"

Laptop လေးချကာ ကားထဲမှ ဆင်းလာရသော ရှင်းသိုက်စျာန်။

ထိုသူမရှေ့ ရှင်းသိုက်စျာန် ခြေစုံချရပ်လိုက်သည် နှင့် ရှင်းသိုက်စျာန်၏ အင်္ကျီကော်လံကို ဆောင့်ဆွဲလိုက်သည် မို့......

"မင်း မင်း ...... ဒါဘာလုပ်တာလဲ"

"မိန်းကလေး မင်းမှားမယ် ...... ဒါက ရှင်းသိုက်စျာန်နော် လူမသိပဲ မင်းသေချင်လို့ လား"

" တိတ် ရှင်းသိုက်စျာန် မကလို့ နတ်ကျွမ်းပျံပဲဖြစ်နေပါစေ ...... ငါ တောင်းဆိုတာကို လက်ခံ မြို့ပြင်က သင်္ချိုင်းမြေကို နင်တို့ ထိလို့ မရဘူး "

"ဘာ ..."

အရှုံးမက အ လာလေးပါလားဟု လှောင်၍ ကြည့်ကာ ထိုသူမ၏ ကော်လံပေါ်က လက်ကို ရိုက်ပုတ်ချလိုက်ပြီး...

"မင်း မလွယ်တဲ့ အရှုံးပါလား ...... ဒီမှာ မင်းကဘာမို့လို့ ပြဿနာ လာရှာနေတာလဲ ဖယ်စမ်း"

သူမကို ဆောင့်တွန်းလိုက်တော့ မြေပေါ်ဖရိုဖရဲ လဲကျသွားရသည်။

ရှင်းသိုက်စျာန် ခံရခက်စွာ ခပ်မဲ့မဲ့ရယ်၍ ကားပေါ်ပြန်တက်လာ တော့ သူမက ထလာကာ......

"ခွမ်း ... "

မြေပေါ်အရှိန်နှင့် လဲကျသွားသည် ထိ၊ သူမနာကျင်မှု အချက်မပြ၊ ဒါ တင်မက ကားမှန်တံခါးကို လက်ဖဝါးနှင့် ရိုက်ခွဲလိုက်သဖြင့်......

"ဟာ"

ရှင်းသိုက်စျာန် ထိတ်လန့်သွားသည်။

ဒရိုင်ဘာမှာ ကားထဲဝင်မည်အပြု ထိုသူမက ဒရိုင်ဘာကိုဖယ်၍ ကားထဲအတင်း တိုးဝင်လာကာ အနောက်ခန်း ကူးလာ၍ ......

"မင်း ငါတောင်းဆိုတာကို လက်ခံမှ ဖြစ်မယ် လက်မခံရင် မင်းဒုက္ခ ရောက်လိမ့်မယ်"

"ဟေ့ မင်းငါ့ကို လာခြိမ်းခြောက် နေတာလား"

"ညှိနှိုင်းနေတာ"

"ကားပေါ်ကဆင်း ခုချက်ချင်းဆင်း ...... ဘယ်က အပေအတေ အ လေအလွင့်လဲ ဆင်းသွား ...... ကားမှန်ကိုပါ ခွဲပစ်တဲ့ မင်းကို မှတ်သား လောက်အောင် ဆုံးမပေးမှ ထင်တယ်"

ထိုသူမမှာ ပေကပ်ကပ်လုပ်ကာ ကားနောက်ခုံးကို အတင်း ဖက်တွယ်၍ ခေါင်းတယမ်းယမ်း လုပ်နေသဖြင့်

"ပြဿနာဟေ့ ပြဿနာ ...... မြွေဖမ်းမိပြီ ထင်တယ် ကားဆက်မောင်းတော့ ...... အိမ်ရောက်မှ မှတ်သားလောက်အောင် ဆုံးမပေးလိုက်"

"ဟုတ်"

ကားလေး မောင်းထွက်သွားသည် ထိ ထိုသူမမှာ ခုံကိုအတင်း ဖက်တွယ် ကတ်သတ်နေသဖြင့် သူမပုံစံကို ကြည့်ရင်း ဒေါသထွက်နေသည့်ကြားက ရှင်းသိုက်စျာန် ရယ်ချင်စိတ်ကို မနည်း ထိန်းထားလိုက်ရသည်။

ဒေါသထွက်ပြီးပဲ ပေါက်ကွဲရမလို သူမပုံစံကြောင့် အော်ပဲရယ်ရမလို ဝေခွဲရတော့ ခက်ချေပြီ။ အရူးမရေ။

*****